# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 4, 2019 | Volume 20, Number 2


### ၄.၆.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၂၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၇/ကျပ် |
| CBM Rate | = ၁၅၂၈.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၉.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၇.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၄.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၃.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၆.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၁.၁၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၄၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၀၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၈၁၄ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ပွင့်ဖြူဒေသ၌ ငှက်ပျောစိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေကောင်း

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယာမြေမှဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲကာ ငှက်ပျောစိုက်ပျိုးသဖြင့် ဝင်ငွေကောင်းကာ ထပ်မံတိုးချဲ့စိုက်ပျိုးလာကြကြောင်း ငှက်ပျောစိုက်တောင်သူများထံမှသိရသည်။ ယခင်က ယာမြေအဖြစ် နှမ်း၊ ပဲအမျိုးမျိုးတို့ကို အဓိကစိုက်ပျိုးခဲ့ကြသော်လည်း ရာသီဥတုမမှန်ခြင်း၊ စိုက်ပျိုးစရိတ်ကြီးမြင့်လာခြင်းတို့ကြောင့် ယခုအခါယာမြေမှ ဥယျာဉ်ခြံမြေများ အဖြစ်ပြောင်းလဲကာ ငှက်ပျော၊ သရက်၊ ပိန္နဲစသည့်သီးနှံများကို အဓိကထား စိုက်ပျိုးလာခဲ့ကြခြင်းဖြစ်သည်။ အရင်တုန်းက ယာမြေဆိုတော့ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုးစိုက်ပျိုးခဲ့တယ်။ ခုလိုရာသီဆို မိုးနှမ်းကိုအဓိကထားစိုက်တယ်။ အရင်းအနှီးကများ၊ ရာသီဥတုကမကောင်းတော့ သုံးနှစ်ဆက်တိုက်အရှုံးပေါ်ခဲ့တယ်။ အဲဒါနဲ့ မနှစ်ကစလို့ ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲစိုက်ပျိုးခဲ့တယ်။ ငှက်ပျောကို အဓိက ထားပြီး တစ်ဧကလောက်စမ်းပြီးစိုက်ခဲ့တာ အဆင်ပြေတာနဲ့ ဒီနှစ်ပိုင်းမှာ နှစ်ဧကလောက် ထပ်မံတိုးချဲ့စိုက်ပျိုးခဲ့ပါတယ်ဟု ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာနေ တောင်သူဦးဝင်းတင်ကပြောဆိုသည်။

ရာသီဥတုမမှန်ခြင်း၊ စိုက်ပျိုးစရိတ်မြင့်မားခြင်းနှင့် သီးနှံထွက်ရှိချိန်တွင် သီးနှံဈေးများကျဆင်းနေမှုကြောင့် ပဲ၊ နှမ်း စိုက်တောင်သူများမှာ တွက်ခြေမကိုက်ဖြစ်ကာ ဥယျာဉ်ခြံမြေအဖြစ်ပြောင်းလဲ၍ ရာသီပေါ်သီးနှံနှင့် နှစ်ရှည်သီးပင်များ စိုက်ပျိုးလုပ်ကိုင်လာကြခြင်းဖြစ်သည်။ ကျွန်တော်တို့လည်း ယာမြေကိုဥယျာဉ် ခြံမြေ ပြောင်းလဲစိုက်ပျိုးခဲ့တာပါ။ ငှက်ပျောကို ဩဂဲနစ်နည်းနဲ့စိုက်တယ်။ အပင်စတင်ပျိုးစဉ် မြေဆွေးနဲ့နွားချေးကို အသုံးပြုစိုက်တယ်။ အခုနှစ်မှာ ငှက်ပျောပင် ၁၀၀၀ အထိတိုးပြီး စိုက်ထားတယ်။ ငှက်ပျောပင်တစ်ပင်သက်တမ်းက သုံးနှစ်လောက်ရှိတယ်။ ယာမြေကနေ ဥယျာဉ်ခြံပြောင်းခဲ့တာ လစဉ်ဝင်ငွေလည်းရှိတယ်။ အလုပ်သမားတွေဆို ငှက်ပျောခုတ်တဲ့ရက်ပဲငှားရတယ်။ ငှက်ပျောခုတ်ပြီဆို တစ်လကို ကျပ် သုံးသိန်းလောက်ဝင်တယ်။ ခုနှစ်ပိုင်း ဥယျာဉ်ထဲမှာ သရက်မျိုးကောင်းတွေလည်း အပင် ၂၀၀ လောက်စိုက်ထားတယ်။ နောက် လေးငါးနှစ်ဆို သရက်ပင်ကလည်း ဝင်ငွေရပြီပေါ့ဟု ရှောက်တောကျေးရွာနေ ဥယျာဉ်စိုက်တောင်သူကိုဖိုးကျော်ကပြောဆိုသည်။

Source: The Myanmar Times

https://www.facebook.com/kope.aung

## သွင်းကုန်ခွန်နှင့် နယ်စပ်အရေး အမေရိကန် မက္ကဆီကိုအရာရှိများ စတင်ဆွေးနွေး



မက္ကဆီကိုနယ်စပ်ကိုဖြတ်သန်း၍ အမေရိကန်သို့ ရွှေ့ပြောင်းများ ဝင်ရောက်မှုအရေးနှင့် ယင်းအတွက် အမေရိကန်က မက္ကဆီကို ပို့ကုန်အားလုံး အခွန်တိုးကောက်မည့် အရေးတို့နှင့်ပတ်သက်၍ အမေရိကန်နှင့် မက္ကဆီကို ထိပ်တန်းအရာရှိများ ဇွန် ၃ ရက်၌ စတင် ဆွေးနွေးခဲ့ကြသည်။ မက္ကဆီကိုပို့ကုန်အားလုံးကို ဇွန် ၃ ရက်မှစ၍ အခွန် ၅ ရာခိုင်နှုန်းတိုးကောက်ရန် ခြိမ်းခြောက်ထားသည့် သမ္မတ ဒေါ်နယ်ထရမ့်က မက္ကဆီကိုသည် နယ်စပ်အရေးဆွေးနွေးရန် ကိုယ်စားလှယ်အဖွဲ့ကြီးတစ်ဖွဲ့စေလွှတ်လိုက်ကြောင်း၊ ပြဿနာသည် ၄င်းတို့ ပြောဆိုခဲ့သည်မှာ ၂၅ နှစ်ကြာခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့က အပြောထက်အလုပ်ကိုသာအလိုရှိကြောင်း ဇွန် ၂ ရက်က တွစ်တာ၌ ဖော်ပြခဲ့သည်။ ယင်းနောက် ဇွန် ၃ ရက်၌ ထရမ့်သည် ကာလကြာရှည်စီစဉ်ခဲ့သည့် လန်ဒန်ခရီးထွက်ခွာသွားသည်။

မက္ကဆီကိုစီးပွားရေးဝန်ကြီးနှင့် အမေရိကန်ကုန်သွယ်ရေးဝန်ကြီး၊ မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတို့ ယခုရက်များအတွင်း ဝါရှင်တန်၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ ဗဟိုအမေရိကဒေသမှ ရွှေ့ပြောင်းများ မက္ကဆီကိုအားဖြတ်သန်း၍ အမေရိကန်သို့ဝင်ရောက်မှုကို သမ္မတအန်ဒရီစ်မန်နျူရယ်လိုပက်ဇ်အိုဘရာဒါ အစိုးရအနေဖြင့် ပိတ်ဆို့ခြင်းမပြုပါက မက္ကဆီကိုမှ အမေရိကန်သို့တင်ပို့ကုန်အားလုံးကို အခွန်တိုးကောက်ရန် သမ္မတထရမ့်က လွှန်ခဲ့သည့်အပတ်၌ ခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်။ တစ်လလျှင် အခွန် ၅ ရာခိုင်နှုန်း တိုးကောက်သွားပြီး အောက်တိုဘာ ရောက်သည့်အခါ အခွန်နှုန်း ၂၅ ရာခိုင်နှုန်းအထိဖြစ်စေမည်ဟုဆိုခဲ့သည်။ သို့သော် ယင်းသို့ အမှန်တကယ် အခွန်တိုးကောက် ပါက အမေရိကန်စားသုံးသူများလည်း အထိနာလိမ့်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များနှင့် လုပ်ငန်းရှင်များက သတိပေးခဲ့ကြသည်။

ထို့ပြင် မက္ကဆီကိုအပေါ် အခွန်တိုးကောက်ပါက နက်ဖ်တာခေါ် မြောက်အမေရိကလွတ်လပ်စွာကုန်သွယ်ရေး သဘော တူညီချက်ကို အဆင့်မြှင့်တင်မည့် အမေရိကန်၊ မက္ကဆီကို ကနေဒါသဘောတူညီချက်ဖြစ်မြောက်ရေး အားထုတ်မှုများ လမ်းချော်သွားမည်ကိုလည်း ရီပတ်ဘလီကန်များကပါ စိုးရိမ်နေကြသည်။ နယ်စပ်ဖြတ်ကျော်မှုများ လျော့ကျရေးအတွက် မက္ကဆီကိုသည် ဂွာတီမာလာနှင့် တောင်ပိုင်းနယ်စပ်ကို ပိတ်ပစ်ခြင်းကဲ့သို့ ခြေလှမ်းများစွာဆောင်ရွက်နိုင်ကြောင်း အမေရိကန် အမိမြေလုံခြုံရေး ယာယီဝန်ကြီး ကယ်ဗင်မက်အလင်းနန်က ပြောဆိုခဲ့သည်။

**Source:** မြန်မာတိုင်းမ်နေ့စဉ်

https://myanmar.mmtimes.com/news/123892.html

## ကိုကိုးသီးဝယ်ယူရန် ပြည်ပမှလုပ်ငန်းရှင်များလေ့လာနေ



တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ကိုကိုးသီး(Cocoa) များကိုဝယ်ယူရန် ပြည်ပလုပ်ငန်းရှင်များမှ လေ့လာမှုများပြုလုပ်နေကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှသတင်းရရှိသည်။ လတ်တလောတွင် ကိုကိုးသီးမှ ချောကလက်ထုတ်လုပ်ရန်အတွက် ပြင်သစ်၊ ဂျပန်၊ ကိုးရီးယား စသည့်နိုင်ငံများမှ လုပ်ငန်းရှင်များမှ လာရောက်လေ့လာမှုများ ပြုလုပ် နေခြင်းဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ တာဝန်ခံ ဦးဝင်းအောင်ကပြောသည်။ ကိုကိုးသီးကို ပြည်ပကလာရောက် ဝယ်ယူဖို့လေ့လာနေတယ်။ ဒါကြောင့် ကိုကိုးသီးကို တိုးချဲ့စိုက်ပျိုးဖို့တွေလည်း လုပ်နေပါတယ်ဟု ဦးဝင်းအောင်ကပြော သည်။

ပြည်ပလုပ်ငန်းရှင်များမှ ကိုကိုးသီးဝယ်ယူရန်အတွက် လာရောက်လေ့လာနေသည့်အတွက် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ငါးခုတွင် ကိုကိုးပင်ဧကပေါင်း ၂၅ ခန့်ကို တိုးချဲ့စိုက်ပျိုးရန်ဆောင်ရွက်နေကြောင်းသိရသည်။ ယင်းကဲ့သို့ ကိုကိုးပင် ၂၅ ဧကခန့် တိုးချဲ့စိုက်ပျိုးရန်လျာထားသည့် မြို့နယ်များမှာ ထားဝယ်ခရိုင်အတွင်းမှ ၄ မြို့နယ်နှင့် မြိတ်ခရိုင်မှ ပုလောမြို့နယ်တို့ဖြစ်ကြောင်းသိရသည်။

မြို့နယ်၅ ခုမှာ တစ်မြို့နယ်ကို ၁ ဧက ကနေ ၅ ဧကထိစိုက်မယ်။ ၅ မြို့နယ်လုံး ၅ ဧကဆီစိုက်ရင် ၂၅ ဧကပေါ့။

ပျော့နည်းစိုက်ပျိုးရင်လည်း ၂၅ ဧကထက်နည်းလာနိုင်တယ်ဟု ဦးဝင်းအောင်ကဆိုသည်။ ကိုကိုးပင်သည် ပူပြင်းလွန်းသည့် ရာသီဥတုဒဏ်ကိုခံနိုင်ရည်မရှိဘဲ မိုးများသည့်ဒေသများတွင်သာ စိုက်ပျိုးနိုင်သည့်အတွက် မိုးများဒေသဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်းသိရသည်။

**Source:amiamyanmar.com**

http://amiamyanmar.com/detail.aspx?id=8080&fbclid=IwAR2MYr21lDuq9QSGFzux5yKL7qaNAYDoXEWe19Psk_fZBJR9CThatloWG8Y

## လက်ရှိဘဏ္ဍာနှစ် မေလဆန်းအထိ လက်ခစား CMP လုပ်ငန်းများ ပြည်ပတင်ပို့မှုမှ ဒေါ်လာ ၂ ဒသမ ၅၆ ဘီလျံကျော်ရရှိထားပြီး လေးနှစ်နီးပါးအတွင်း ပို့ကုန်တန်ဖိုး သုံးဆကျော်မြင့်တက်



၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၁၀ ရက်အထိ လက်ခစား CMP အထည်ချုပ်လုပ်ငန်းများ ပြည်ပတင်ပို့မှုမှ ဒေါ်လာ ၂ ဒသမ ၅၆ ဘီလျံကျော် ရရှိထားပြီး လေးနှစ်နီးပါးအတွင်း ပို့ကုန်တန်ဖိုး သုံးဆကျော် မြင့်တက်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များအနက် အဓိကပို့ကုန်တိုးတက်သည့် ကဏ္ဍအနေဖြင့် CMP အထည်ချုပ်ကဏ္ဍဖြစ်ကြောင်း၊ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒေါ်လာ သန်း ၈၀၀ ကျော်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၁၀ ရက်အထိ ဒေါ်လာ ၂ ဒသမ ၅၆၁ ဘီလျံအထိ ပို့ကုန်သုံးဆနီးပါးမြင့်တင်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

၂၀၁၈ ခုနှစ်က အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၄ ဒသမ ၆ ဘီလျံနီးပါး ရရှိခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၀ ဘီလျံရရှိရန် မျှော်မှန်းထားကြောင်း မေ ၁၁ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်၌ကျင်းပသည့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ပဥ္စမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အသင်းအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်ကပြောကြားသည်။ ကျွန်မတို့ကဏ္ဍမှာ အလုပ်သမားတိုးတာက ငါးဆ၊ ဝင်ငွေတိုးတာက ၁၀ ဆပေါ့ နော်။ ဒါဆိုရင် ကျွန်မတို့ အလုပ်သမားတွေရဲ့ ထုတ်လုပ်မှုကို နှစ်ဆတိုးအောင်လုပ်ရမယ်။ အဲဒီအတွက် တောက်လျှောက်ဆောင်ရွက်နေပါတယ်ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်ကပြောကြားသည်။

မြန်မာနိုင်ငံတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင်လည်း ထုတ်လုပ်မှု ကဏ္ဍတွင် အထည်ချုပ်ကဏ္ဍ၌ အများဆုံးဝင်ရောက်လျက်ရှိကြောင်းသိရသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတွင် အသင်းဝင် ၅၀၀ ကျော်ပြီး အလုပ်သမား ခန့်ထားမှုမှာလည်း ငါးသိန်းကျော်ရှိကြောင်းသိရသည်။ အထည်ချုပ်လုပ်ငန်းသည် လုပ်သားအရင်းပြု Labour Intensive စက်မှုလုပ်ငန်းဖြစ်သည့်အပြင် စက်မှုနိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိရေးအတွက် အဓိကအခြေခံလုပ်ငန်းတစ်ခုဖြစ်သည်။ အခြေခံလူတန်းစားများ ကို အလုပ်အကိုင်အခွင့်အလမ်း အများဆုံး ဖန်တီးပေးနိုင်သည့် Labour Intensive Industry ဖြစ်သည့် CMP အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကျွမ်းကျင်လုပ်သားများမွေးထုတ်နိုင်ရန် သင်တန်းကျောင်းထူထောင်ပြီး အဆင့်မြင့်နည်းပညာများရယူ၍ ပြန့်ပွားအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းအနေဖြင့် ILO နှင့်ပူးပေါင်း၍ အလုပ်သမားရေးရာ အရှာရှိတစ်ဦး

ခန့်ထားပြီး Labour Law နှင့်ပတ်သက်သော သိသင့်သိထိုက်သည်များကို သင်တန်းအပတ်စဉ်တိုင်း ဟောပြောပို့ချခြင်း၊ အသင်းဝင်အထည်ချုပ်စက်ရုံများအတွင်းတွင်လည်း အလုပ်ရှင်အလုပ်သမားအရေးကို ကူညီဖြေရှင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ အမျိုးသမီးများစွာပါဝင်သော ငါးသိန်းခန့်သော အသက်မွေးဝမ်းကျောင်းကို ဖန်တီးပေးထားနိုင်ပြီး ဒေါ်လာလေးဘီလျံကျော်ရှိတဲ့ ထုတ်ကုန်တွေကို တင်ပို့ရောင်းချနိုင်တာမို့ ကုန်သွယ်မှုကဏ္ဍ အလုပ်အကိုင်ရရှိမှုနဲ့ မြန်မာနိုင်ငံရဲ့ GDP ကို များစွာအထောက်အကူပြုလျက်ရှိပါတယ်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးအောင်ထူးက အဆိုပါအခမ်းအနားတွင်ပြောကြားသည်။

**Source:** https://news-eleven.com/article/113641

## လက်ရှိဘဏ္ဍာနှစ်တွင် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့ပြီး ပြည်တွင်း၌ ဆန်လက်ကျန် သုံးသန်းခွဲခန့်ကျန်ရှိကာ ယခင်နှစ်ကာလတူထက် တန်ချိန် တစ်သန်းခွဲခန့် ပိုမိုကျန်ရှိ



လက်ရှိဘဏ္ဍာနှစ်တွင် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့ပြီး ပြည်တွင်း၌ ဆန်လက်ကျန်သုံးသန်းခွဲခန့်ကျန်ရှိကာ ယခင်နှစ်ထက် တန်ချိန် တစ်သန်းခွဲခန့်ပိုမိုကျန်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားသည်။ ပြည်တွင်းဆန် လက်ကျန်ကတော့ ဒီနှစ်မှာ အများကြီးရှိတယ်။ အနည်းဆုံးသုံးသန်းနဲ့ သုံးသန်းခွဲမှာရှိတယ်ဟု ဦးအောင်သန်းဦးက ပြောကြားသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ပြည်တွင်းစားသုံးမှုနှင့်ပြည်ပတင်ပို့ပြီး ပြည်တွင်း၌ ဆန်လက်ကျန်နှစ်သန်းခန့်အထိ ကျန်ရှိခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုနှစ်ပြည်တွင်း၌ ဆန်လက်ကျန် တန်ချိန် တစ်သန်းခွဲခန့်အထိ ပိုမိုကျန်ရှိခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ပြည်တွင်း၌ ဆန်လက်ကျန် ယခင်နှစ်များထက် ပိုမိုကျန်ရှိမှုမှာ အဓိက ဆန်တင်ပို့မှု ဈေးကွက်ဖြစ်သည့် တရုတ်နှင့်အီးယူနိုင်ငံတို့က ဝယ်ယူမှုကျဆင်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။ ပြည်တွင်း၌ ဆန်ချောကိုသာ အဓိကစားသုံးပြီး ပြည်ပသို့ ဆန်ကြမ်းအမျိုးအစားကို အဓိကတင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ဧက ၁၇ ဒသမ ၆ သန်းကျော်ရှိသည့် အနက် ရိတ်သိမ်းနိုင်သော စိုက်ပျိုး ဧက ၁၆ ဒသမ ၆ သန်းကျော်ရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်း အင်းဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်တွင်း၌ ဆန်တန်ချိန် ၂၅ ဒသမ ၆ သန်းကျော် ထွက်ရှိခဲ့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနက ထုတ်ပြန်ထားသည်။ ယင်း၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဈေးကွက်သစ်များ တိုးချဲ့တင်ပို့နိုင်ခြင်းကြောင့် ပြည်ပသို့မြန်မာ့ဆန်တန်ချိန် ၃ ဒသမ ၆ သန်း နီးပါးတင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်အတွင်း စံချိန်တင်တင်ပို့ နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ လက်ရှိဘဏ္ဍာနှစ် ခုနစ်လခွဲခန့်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှု တန်ချိန် ၁ ဒသမ ၄ သန်း ကျော်ရှိပြီးဝင်ငွေ ဒေါ်လာ သန်း ၄၃၀ ကျော်ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၁၀ ရက်အထိ ခုနစ်လခွဲခန့်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၄၁၇သန်း တင်ပို့ထားပြီး ဝင်ငွေအ မေရိကန်ဒေါ်လာ ၄၃၆ ဒသမ ၁၁၃ သန်းရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။

အဆိုပါကာလအတွင်း နိုင်ငံပေါင်း ၅၄ နိုင်ငံသို့ ဆန်တန်ချိန် ၁ ဒသမ ၁၄၆ သန်း တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၃၆၀ ကျော် ရရှိခဲ့သည်။ ထို့အတူ နိုင်ငံပေါင်း ၂၆ နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၇၀,၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေ အမေရိကန် ဒေါ်လာ ၇၄ သန်းကျော်ရရှိထားကြောင်း သိရသည်။ အဓိကဈေးကွက်ဖြစ်သည့် တရုတ်နှင့်အီးယူနိုင်ငံတို့မှ ဝယ်ယူမှု ကျဆင်းနေသဖြင့် လာမည့်ဘဏ္ဍာနှစ်များတွင်လည်း ပြည်ပသို့ ဆန်တင်ပို့မှုလျော့ကျနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးကသုံးသပ်ထားသည်။

**Source: news-eleven.com/article/113305**

## ယခုနှစ် နှမ်းစိုက်ရာသီတွင် နှမ်းမျိုးစေ့ဈေး သုံးနှစ်အတွင်းအမြင့်ဆုံးဖြစ်နေ



ယခုနှစ်မိုးဦး နှမ်းစိုက်ရာသီတွင် နှမ်းနက်မျိုးဈေးနှုန်း ၄၅ ပိဿာလျှင် ကျပ်သုံးသိန်းဖြင့်ဝယ်ယူ စိုက်ပျိုးနေရကြောင်း မကွေးတိုင်း အောင်လံမြို့နယ်ရှိ နှမ်းစိုက်တောင်သူများက ပြောကြားသည်။ ယခင်နှစ်က နှမ်းနက်မျိုး ၄၅ ပိဿာလျှင် ကျပ် ၁၈၀,၀၀၀ ခန့်ဖြင့် အမြင့်ဆုံးဝယ်ယူရပြီး ယခုနှစ်ဈေးနှုန်းသည် သုံးနှစ်အတွင်း အမြင့်ဆုံးဈေးပေးကာ ဝယ်ယူစိုက်ပျိုးနေရကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကေရာဇ်ကျေးရွာနေ တောင်သူကိုမြင့်ဇော်ဦးက ပြောသည်။

အရင်နှစ်နှမ်းက အထွက်နှုန်းသင့်သလို ဈေးလည်း ကောင်းတော့ ဒီနှစ်စိုက်သူများတယ်။ မျိုးဈေးကတော့ အတော်ကြီးကြီး ပေးပြီးဝယ်စိုက်ရတာ။ ကိုယ်ပြန်ရောင်းတဲ့အခါ ကျတော့ ၄၅ ပိဿာသုံးတင်းကို နှစ်သိန်းဈေးထက်မပိုဘူးဟု အောင်လံမြို့နယ် သနပ်ကျေးရွာနေ တောင်သူ ကိုဇော်မင်းက ဆိုသည်။ အလားတူပင် အခြားနှမ်းအမျိုးအစားများဖြစ်သည့် နှမ်းဗျာ (နှမ်းပြာ) ၄၅ ပိဿာလျှင် ကျပ် နှစ်သိန်း၊ နှမ်းဖြူနှင့် နှမ်းနီ ၄၅ ပိဿာလျှင် ကျပ် ၁၆၅,၀၀၀ မှ ကျပ် ၁၇၀,၀၀၀ ဈေးရှိကြောင်း အောင်လံကုန်စည်ဒိုင်က မေလ ၃၁ ရက်တွင် ထုတ်ပြန်သည်။

ယခုနှစ်အောင်လံမြို့နယ်အတွင်း စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးသော GAP စနစ်ဖြင့် သီပွံနှမ်းနက် ဧက ၄,၈၀၀ ကျော် စိုက်ပျိုးရန်ရှိကြောင်း အောင်လံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်သည်။ အခြား မိုးဦးသီးနှံဖြစ်သည့် ပဲတီစိမ်းဈေးနှုန်းလည်း ယခင်နှစ်က အနည်းငယ်မြင့်တက်သဖြင့် စိုက်ပျိုးသူပိုမိုများပြားလာပြီး ပဲတီစိမ်းမျိုးပိဿာ ၂၀ လျှင် ကျပ် ၃၀,၀၀၀ ခန့်ရှိသည်။

**Source:** http://www.7daydaily.com/story/157461

## တစ်ကျော့ပြန် ကုန်သွယ်ရေးစစ်ပွဲအားကောင်းလာသော်လည်း ဒေါ်လာတန်ဖိုး အနည်းငယ်သာမြင့်တက်

အမေရိကန်နှင့်တရုတ် တစ်ကျော့ပြန်ကုန်သွယ်ရေးစစ်ပွဲ အရှိန်ကောင်းနေသော်လည်း ပြည်တွင်း၌ ကန်ဒေါ်လာတန်ဖိုး အနည်းငယ်သာမြင့်တက်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ ၂၀၁၈ ဩဂုတ်တွင် စတင်ခဲ့သော အမေရိကန်၊ တရုတ်ကုန်သွယ်ရေးစစ်ပွဲကြောင့် ကန်ဒေါ်လာတန်ဖိုး ခြောက်လအတွင်း ၁၈ ရာခိုင်နှုန်းခန့် မြင့်တက်ကြောင်း ကမ္ဘာ့ဘဏ်၏ နှစ်ကုန်ချိန်၌ ထုတ်ပြန်သည့် စီးပွားရေးအစီရင်ခံစာတွင် ဖော်ပြထားသည်။ ပြည်တွင်းမှာက ဒေါ်လာက လောလောဆယ်ငြိမ်နေတယ်။ နိုင်ငံတကာ အခြေအနေပေါ်တော့ မူတည်ပါတယ်ဟု မြန်မာနိုင်ငံမော်တော်ယာဉ်တင်သွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ပို့ ကုန်နည်းပါးသည့် မိုးရာသီ၌ ဒေါ် လာတန်ဖိုးအနည်းငယ်မြင့်တက် လေ့ရှိကြောင်း ၎င်းကဆိုသည်။ ယခုလဆန်းရက်တွင် တစ်ဒေါ်လာ ၁,၅၂၅ ကျပ်မှ ၁,၅၃၀ ကျပ်ခန့် ဈေးရှိနေခြင်းကြောင့် ရှေ့ရက်များတွင် ဆက်လက်မြင့် တက်လာနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောသည်။ နိုင်ငံတကာဈေးကွက်တွင်လည်း ဒေါ်လာဈေးပြန်လည်မာလာပြီး ရေနံဈေးနှုန်း အနည်းငယ်ကျဆင်းနေသည်။ ပြီးခဲ့သည့်နှစ် ကုန်သွယ်ရေးစစ်ပွဲကာလအတွင်း ကန်ဒေါ်လာတန်ဖိုးဆက်တိုက်မြင့်တက်ပြီး သက်ဆိုင်ရာနိုင်ငံများ၏ ငွေတန်ဖိုးများကျဆင်းခဲ့သည်။

လက်ရှိကုန်သွယ်ရေးစစ်ပွဲကြောင့် ဒေါ်လာတန်ဖိုးမြင့်တက်ခြင်းကို အမေရိကန်ဗဟိုဘဏ်က ထိန်းသိမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု ၎င်းကပြောသည်။ ထို့အပြင် နိုင်ငံတိုင်းကလည်း မိမိငွေကြေးတန်ဖိုးတည်ငြိမ်ရေး မည်သို့ဆောင်ရွက်ရမည်ကို အတွေ့အကြုံရရှိထားပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။ ၂၀၁၉ အတွင်း ပြည်တွင်းငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုး ကျပ် ၁,၅၁၀ မှ ၁,၅၄၀ အကြား အတက်အကျ အနည်းငယ်သာရှိသည်။ ဒေါ်လာတန်ဖိုး အပြောင်းအလဲက အများဆုံး ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအကြားတွင်သာရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။

**Source:** http://www.7daydaily.com/story/157461

## မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံဈေးကွက်

မြန်မာပြည်အလယ်ပိုင်းဒေသထွက် သရက်သီးများ တရုတ်ဈေးကွက်အတွင်းသို့တင်ပို့မှုမှာ ဈေးကောင်းရနေပြီး နယ်စပ်ကုန်စည်ဈေးကွက်တစ်ခုဖြစ်သည့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အတွင်းသို့ တစ်နေ့လျှင် သရက်သီးတင်ယာဉ်စီးရေ ၂၀၀ ဝန်းကျင် နေ့စဉ်ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်းသိရသည်။ လက်ရှိအချိန်မှာတော့ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဈေးကွက်အတွင်းက သစ်သီးဈေးကွက်ထဲကို မန္တလေးဘက်က သရက်သီးတွေ အဝင်များနေဆဲပါ။ သရက်သီးတင်ယာဉ်က တစ်ရက်တစ်ရက်ဝင်တဲ့ ယာဉ်စီးရေက အရင်လကထက်ကိုပိုများပါတယ်။ အရင်လက တစ်ရက်ကို ယာဉ်စီးရေ တစ်ရာကျော်ဝင်တယ်။ ဒီလအတွင်းမှာတော့ တစ်ရက်ကိုယာဉ်စီးရေနှစ်ရာနီးပါးပုံမှန်ဝင်ရောက်ပါတယ်ဟု မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် အရှေ့မြောက်တံခါးအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ဦးကျော်ကျော်လှိုင်က ပြောကြားသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရှိ သရက်သီးဈေးကွက်အတွင်းသို့ ရှမ်းပြည်ဒေသထွက် စိန်တစ်လုံး သရက်သီးများ စတင်ဝင်ရောက်လာပြီး မြန်မာပြည် အလယ်ပိုင်းဒေသထွက် ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြား ငမောက်၊ ရွှေတောင်၊ ရွှေဖလား သရက်မျိုးများ ဝင်ရောက်ကြောင်းသိရသည်။ ဒီတစ်နှစ် သရက်သီးဈေးတွေကောင်းနေပါတယ်။ လောလောဆယ် သရက်သီးထည့်တဲ့ခြင်းတွေပြတ်လပ်မှုက သရက်သီးအဝင်ကို ထိန်းပေးလိုက်သလိုပါပဲ။ သရက်သီးဈေးတွေ နည်းနည်းပြန်တက်လာတယ်။ စိန်တစ်လုံးအိတ်စွပ်ဆိုရင် အနိမ့်ဈေး ၈၀ ယွမ်ကနေ အမြင့်ဈေး ၁၅၀ ယွမ်၊ အိတ်လွတ်ဆိုရင် အနိမ့်ဈေး ၇၅ ယွမ်ကနေ အမြင့်ဈေး ၉၀ ယွမ်၊ ရွှေဟင်္သာအိတ်စွပ် အနိမ့်ဈေး ၉၀ ယွမ်ကနေ အမြင့်ဈေး ၁၇၀ ယွမ်၊ ရင်ကွဲသရက်သီးက အိတ်စွပ် အနိမ့်ဈေး ၆၀ ယွမ်ကနေ အမြင့်ဈေး ၈၀ ယွမ်အထိ ဈေးရနေပါတယ်ဟု မူဆယ် ၁၀၅ မိုင် သစ်သီးဝလံကုန်စည်ဈေးကွက်အတွင်းရှိ ခွာညိုသစ်သီးပွဲရုံမှာ ဦးစိုင်းခင်မောင်ကပြောကြားသည်။ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးကုန်စည်ဈေးကွက်အတွင်းသို့ မေလအတွင်း သရက်သီးကား ၄၅၀၂ စီးမှ သရက်သီးတန်ချိန် ၂၇၀၂၄ တန်၊ ဖရဲသီးကား ၈၅၇ စီးမှ ဖရဲသီးတန်ချိန် ၁၀၁၃၇ ဒသမ ၅ တန်၊ သခွားမွှေးကားခြောက်စီးမှ သခွားမွှေးတန်ချိန် ၅၈ တန်၊ ကန်စွန်းဥကားသုံးစီးမှ ကန်စွန်းဥ ၄၈၀ တန် ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source : Eleven**

https://www.logisticsguide.com.mm/en/industry-news/export-import/1986-muse-in-the-105-mile-border-zone-fruits-market.html?fbclid=IwAR16uUhfR8IzOCMVSzvZKaHTfAG1TLKGAnDrMIcqZ2vwIXW4qu7dXBFnsNo

## ပြည်ပနိုင်ငံများမှ ကြယ်ပဲဝယ်ယူမှု ရပ်တန့်နေ



ယခုနှစ်တွင် မြန်မာ့ကြယ်ပဲကို ပြည်ပမှဝယ်ယူမှုရပ်တန့်နေကြောင်း မြန်မာနိုင်ငံကြယ်ပဲစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သတင်းရရှိသည်။ ထိုကဲ့သို့ ပြည်ပနိုင်ငံများမှ ကြယ်ပဲဝယ်ယူမှုရပ်တန့်နေသည့်အတွက် ကြယ်ပဲဈေးကွက်မှာ ပျောက်ဆုံးနိုင်ဖွယ်ဖြစ်လာကြောင်း နယကဦးဖေသိန်းကပြောသည်။ ကြယ်ပဲကို ပြည်ပက နေလိုသလောက်မရတော့ မမှာကြတော့ဘူး။ အဲဒီလိုကနေ တဖြည်းဖြည်း အမှာနည်းလာတာ။ အခုဆိုရင် အမှာကမရှိသလောက်ပဲဟု ဦးဖေသိန်းကပြောသည်။

ပြည်တွင်းမှထွက်ရှိသည့် ကြယ်ပဲကို အဓိကဝယ်ယူယူကြသည့် နိုင်ငံ များမှာ ဂျပန် ၊ ထိုင်း၊ တောင်ကိုရီးယားနိုင်ငံများဖြစ်ကြပြီး၊ ယခုအချိန်တွင် အဆိုပါနိုင်ငံများမှ အမှာလျော့ကျလာခြင်းဖြစ်ကြောင်းသိရသည်။ ကြယ်ပဲက ဈေးကောင်းရတယ်။ ဒါပေမယ့် ပြည်တွင်းမှာက ကြယ်ပဲကိုမသုံးကြဘူး။ အဲဒါကြောင့် ကြယ်ပဲကို ပြည်ပကိုပဲ အဓိကထားပြီးတင်ပို့ရတာ။ အခုလို ပြည်ပကအမှာနည်းတော့ ကြယ်ပဲတွေ ဘာလုပ်ရမှန်းကိုမသိတော့ဘူးဟု ပြင်ဦးလွင်မြို့မှ ကြယ်ပဲစိုက်တောင်သူ ဦးသိန်းမြင့်ကပြောသည်။

ပြည်ပမှ ကြယ်ပဲ ဝယ်ယူမှုရှိခဲ့သည့် ယခင်နှစ် ယခုလိုအချိန်က ကြယ်ပဲတစ်ကီလိုလျှင် ၇,၀၀၀ ကျပ်ထိဈေးရရှိသော်လည်း၊ လက်ရှိအချိန်တွင် ကြယ်ပဲတစ်ကီလိုလျှင် ကျပ် ၄,၀၀၀ ကျပ်နီးပါးသာ ဈေးရရှိကြောင်းသိရသည်။ လက်ရှိပြည်တွင်း၌ ကြယ်ပဲအများဆုံးစိုက်ပျိုးနေသည့်ဒေသများမှာ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/Detail.aspx?id=8077

## တရုတ်နိုင်ငံကို တစ်လအတွင်း တင်ပို့ ရမည့် ဆန်တန်ချိန် တစ်သောင်းအတွက်

## မူဆယ်ဆန်ကုန်သည်များ အရှုံးခံရမည်

မူဆယ်အခြေစိုက် ရှမ်းပြည်နယ်မြောက်ပိုင်း ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီနှင့် တရုတ်နိုင်ငံရွှေချိုက်ကုမ္ပဏီတို့ သဘော တူညီမှုအရ ဖွန်လအတွင်း မူဆယ်မှဆန်တန်ချိန် တစ်သောင်းကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ပြီး တင်ပို့ ရမည့် ပေါက်စျေးအရ မူဆယ်ဆန်ကုန်သည်များက အရှုံးခံရောင်းချသွားရမည်ဟု ဆန်ကုန်သည်များထံမှသိရသည်။ အဓိကကတော့ ဒီမှာရောက်နေတဲ့အိတ်တွေကို အရင်ရှင်းထုတ်တဲ့သဘောပေါ့။ ဆန်စပါးနဲ့ပါတ်သက်ပြီးတော့ ပို့မရဘဲ ဖြစ်နေတာ သုံးလလောက်ရှိနေပါပြီ။ ဒီကလက်ကျန်ပစ္စည်းတွေကျတော့ ကြာလာရင်ပျက်စီးလာမှာကြောက်တဲ့အတွက် အရှုံးခံပြီးရောင်းတဲ့သဘောပေါ့။ ဒီရောက်ပြီးသားပစ္စည်းတွေကျတော့အောက်ပြန်သယ်ရင် လေးငါးခြောက်ထောင် ခုနစ်ထောင်လောက်ရှုံးမှာကိုး၊ ဟိုဖက်ကိုပို့တဲ့အနေအထားမှာကျတော့ နှစ်ထောင်သုံးထောင်လောက်ရှုံးမယ်ဆိုရင် ဟိုဖက် ကိုဘဲ ပို့ဖို့အတွက် တာဆူတာပေါ့ဟု မူဆယ်နယ်စပ်ဆန်ကုန်သည်များအသင်း ဒုတိယဥက္ကဌ ဦးချမ်းသာဦးကဆိုသည်။

တရုတ်နိုင်ငံအတွင်းသို့တရားမဝင်တင်သွင်းနေသည့်ဆန်များကို တရုတ်အစိုးရတာဝန်ရှိသူများက တင်းကြပ်စွာဖမ်းဆီး မှုများပြုလုပ်နေခဲ့သဖြင့် ရက်ပေါင်းတစ်ရာကျော်ကြာ မူဆယ်နယ်စပ်တွင်ဆန်တန်ချိန် အမြောက်အများ ပိတ်မိနေခဲ့ပြီး ယခုအခါ ဆန်ကုန်သည်များက အရှုံးခံတင်ပို့ကြရန်စီစဉ်နေခြင်းဖြစ်သည်။ တင်ပို့ရမည့် ဆန်တန်ချိန်တစ်သောင်းအတွက် တစ်တန်လျှင် ယွမ်(၂၈၂၀)ခန့်ရရှိမည်ဖြစ်ကာ ပိုးမွှားစစ်ဆေးခအပါအဝင်အိတ်လှယ်ခ၊ သယ်ယူပို့ဆောင်ခနှင့် အလုပ်သမားခများအတွက် မူဆယ်ကုန်သည်များဖက်မှ ကျခံသွားရမည်ဟုသိရသည်။ ဈေးနှုန်းကတော့တစ်တန်ကို ယွမ် (၂၈၂၀)လောက်ရပါမယ်။ ဒါပေမယ့် ပိုးမွှားစစ်ဆေးရေးတို့ အိတ်လှယ်ပေးရမှာတို့ အလုပ်သမားခတွေကိုတော့ မူဆယ် ဆန်ကုန်သည်တွေဖက်က အကုန်အကျခံရမှာဖြစ်ပါတယ်။ တစ်အိတ်ကို (၉၉)ယွမ်လောက်တော့ ကျန်မယ်လို့ အကြမ်းဖျဉ်းပြောလို့ရပါတယ်ဟု ဦးချမ်းသာဦးက တွက်ချက်ရှင်းပြခဲ့သည်။ ယနေ့တရုတ်ယွမ် တစ်ယွမ်လျှင် မြန်မာကျပ်ငွေ (၂၁၉) ကျပ်ဖြစ်သည့်အတွက် တင်ပို့ရမည့် ဆန်တစ်အိတ်လျှင် ကျပ်(၂၁၇၀၀)ခန့်သာရရှိမည်ဖြစ်သည်။

နယ်စပ်မှတစ်လအတွင်း တင်ပို့ရမည့်ဆန်တန်ချိန် တစ်သောင်းအပြင် ကျန်ရှိနေသည့်တန်ချိန် ငါးသောင်းကျော် ကိုလည်းဘာတာစနစ်ဖြင့်အမြန်ဆုံး တင်ပို့နိုင်ရေးအတွက် ညှိနှိုင်းမှုများဆောင်ရွက်နေသည်ဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ရှိသူတစ်ဦးကဆိုသည်။ ဒါကတော့အခုလအတွင်းမှာ အမြန်ဆုံးတင်ပို့နိုင်ဖို့ လုပ်ဆောင်တာဖြစ်ပါတယ်။ ဆန်တွေရဲ့အရည်အသွေးပိုင်းအရ ကြာရှည်ထားလို့မသင့်တော်တဲ့အတွက် အခုလိ ၊ တင်ပို့နိုင်အောင်စာချုပ်ကြတာဖြစ်ပါတယ်။မကြာခင်မှာလည်း MOUထိုးထားတဲ့ ဘာတာစနစ်ကနေ ဆန်တန်ချိန် အများ အပြားတင်ပို့နိုင်တော့မှာဖြစ်ပါတယ်ဟု ကုန်သွယ်ရေးဦးစီးဌာန အဆင့်မြင့်အရာရှိတစ်ဦးကဆိုသည်။

နှစ်ဖက်ကုမ္ပဏီများ၏စာချုပ်အရ ယခုတင်ပို့ရမည့် ဆန်တန်ချိန်တစ်သောင်းမှာ နှစ်ဖက်ကုန်စည်ချင်းလဲလှယ်သည့် ဘာတာ စနစ်တွင်အကျုံးဝင်ခြင်းမရှိသော်လည်း ဆန်ဝယ်ယူသည့် ရွှေချိုက်ကုမ္ပဏီအနေဖြင့် ယခုဆန်ဈေးနှုန်းများ အပေါ် အခြေခံကာ ဘာတာစနစ်ဖြင့်ဝယ်ယူမည့် ဆန်တန်ချိန်ငါးသောင်းအတွက် တန်ဖိုးသတ်မှတ်သွားရန်စီစဉ်နေသည်ဟုသိရ သည်။

**Source:** http://betvmyanmar.com/my/news/%E1%80%90%E1%80%9B%E1%80%AF% E1% 80

## STOCK EXCHANGE (4.6.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

**Stock trading data**

As of 4th Jun. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,000 | 11,500 | 11,000 | 4,640 | 53,338,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 5,378 | 17,217,800 | 38,929,150 | 126,520 |
| MCB | 00003 | 7,900 | +300 | +3.95% | 7,700 | 7,900 | 7,700 | 131 | 1,012,800 | 10,400,986 | 82,168 |
| FPB | 00004 | 23,000 | +500 | +2.22% | 22,500 | 23,000 | 22,500 | 1,317 | 29,925,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,950 | -50 | -1.67% | 3,000 | 3,000 | 2,950 | 1,524 | 4,497,300 | 12,212,906 | 36,028 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 449.28 | +14.10 | +3.24% | 435.94 | 449.28 | 435.94 | 12,990 | 105,991,400 | 5 | 613,370 |


### Index chart




## Market Overview

As of 1:00 pm, 4th Jun. 2019

| MYANPIX | 449.28 ▲ 14.10 |
|---|---|
| Total Volume (shares) | 12,990 |
| Total Value (MMK) | 106 mil |
| Listed Company | 5 |
| Market Cap. (MMK) | 613,370 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,250 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 300 |
| FPB | 00004 | 23,000 | ▲ 500 |
| TMH | 00005 | 2,950 | ▼ 50 |